# ဝန်ဆောင်မှုပေးသူများအတွက် ကလေးစောင့်ရှောက်ရေး ဥပဒေအရ အရေးယူဆောင်ရွက်မှုဆိုင်ရာ မှီငြမ်းကိုးကားဖွယ် အချက်အလက်များ



## မေး DCYF ကလေးစောင့်ရှောက်ရေး လိုင်စင်ချပေးခြင်း ဆိုသည်မှာ အဘယ်နည်း။

**ဖြေ** Department of Children, Youth, and Families (ကလေးသူငယ်၊ လူငယ်နှင့် မိသားစုများဌာန၊ DCYF) သည် Washington ပြည်နယ်ရှိ ကလေးစောင့်ရှောက်ရေးနှင့် အစောပိုင်းသင်ယူလေ့လာရေး ပရိုဂရမ်အပြင် ကျောင်းနေအရွယ် ကလေးများအတွက် ဌာနပေါင်း 6,800 ခန့်ကို လိုင်စင်ထုတ်ပေးထားပါသည်။ လိုင်စင်ရရှိထားသော ကလေးစောင့်ရှောက်ရေးနှင့် အစောပိုင်းသင်ယူလေ့လာရေး ဝန်ဆောင်မှုပေးသူများသည် လိုင်စင်ရစောင့်ရှောက်မှု ရယူလျက်ရှိသော ကလေးများအား လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့်ညီညွတ်၍ ပြုစုပျိုးထောင်ပေးသည့် ပတ်ဝန်းကျင်များတွင် ထားရှိကြောင်း သေချာစေရေးအလို့ငှာ Washington Administrative Code (Washington စီမံအုပ်ချုပ်ရေးဥပဒေ၊ WAC) က သတ်မှတ်ထားသော အခြေခံအရည်အသွေးစံနှုန်းများကို လိုက်နာကျင့်သုံးကြပါသည်။

## မေး လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းဆိုသည်မှာ အဘယ်နည်း။

**ဖြေ** ၎င်းသည် ကလေးများအား ဘေးကင်းလုံခြုံစွာ ထားရှိနိုင်ရေးအလို့ငှာ DCYF က ကျင့်သုံးသည့် ယာယီအရေးယူဆောင်ရွက်ချက်တစ်ခု ဖြစ်ပါသည်။ ဆိုင်းငံ့ထားစဉ်ကာလအတွင်း ကလေးစောင့်ရှောက်ရေးပရိုဂရမ်ကို လုပ်ကိုင်၍မရနိုင်ပါ။ ဝန်ဆောင်မှုပေးသူ၏ လိုင်စင်အခြေအနေအား ရည်ညွှန်းရန် အသုံးပြုသည့်အခါ "ဆိုင်းငံ့ခြင်း" ဆိုသည်မှာ စာရင်းသွင်းထားသော ကလေးများ သို့မဟုတ် ပြည်သူလူထု၏ ကျန်းမာရေး၊ ဘေးကင်းရေး သို့မဟုတ် စိတ်ချမ်းသာပျော်ရွှင်ရေးကို ကာကွယ်ရန်အတွက် အေဂျင်စီက လိုင်စင်အား ယာယီရပ်ဆိုင်းရန် စည်းကမ်းထိန်းသိမ်း အရေးယူမှုတစ်ခုဟု အဓိပ္ပာယ်ရပါသည်။ (WAC 110-300-0443)
**https://app.leg.wa.gov/WAC/default.aspx?cite=110-300-0443**

## မေး လိုင်စင်ဆိုင်းငံ့ခံရသည့်အခါ မည်သည့်အရာများ ဖြစ်လာမည်နည်း။

**ဖြေ** ကလေးစောင့်ရှောက်ရေးဂေဟာတစ်ခုသည် လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခံရပါက DCYF သည် လိုင်စင်ရရှိသူထံ စာဖြင့်အကြောင်းကြားပြီး ထိုဂေဟာနှင့် ၎င်း၏လုပ်ငန်းဆောင်တာအားလုံးကို ချက်ချင်းပိတ်သိမ်းရပါမည်။

လိုင်စင်ရရှိသူသည် ဆိုင်းငံ့မှုကို သဘောမတူပါက ၎င်းအနေဖြင့် အယူခံဝင်နိုင်ပြီး "ဆိုင်းငံ့မှုအား ခေတ္တရပ်ပေးရန်" တောင်းဆိုမှုအတွက် Administrative Law Judge (အုပ်ချုပ်ရေးဥပဒေတရားသူကြီး၊ ALJ) ရှေ့မှောက်တွင် ကိုယ်တိုင်တင်ပြနိုင်သည်။ ဆိုင်းငံ့မှုအား ခေတ္တရပ်ပေးရန် တောင်းဆိုမှုသည် ကြားနာစစ်ဆေးမှုပြုလုပ်စဉ်အတွင်း ဂေဟာအား ဆက်လက်ဖွင့်လှစ်ခွင့်ပေးထားနိုင်ပါသည်။ ALJ သည် အမှုနှင့်သက်ဆိုင်သော အချက်အလက်များကို ကြားနာစစ်ဆေးပြီး အယူခံဝင်ခြင်းလုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်ဖြစ်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဆောင်ရွက်ပါသည်။

## မေး လိုင်စင်ပြန်လည်ရုပ်သိမ်းခြင်းဆိုသည်မှာ အဘယ်နည်း။

**ဖြေ** လိုင်စင်ပြန်လည်ရုပ်သိမ်းခြင်းဆိုသည်မှာ ကလေးစောင့်ရှောက်ခွင့်လိုင်စင်ကို တရားဝင် အပြီးတိုင် ရုပ်သိမ်းသည့် ဥပဒေအရ အရေးယူဆောင်ရွက်မှုတစ်ရပ်ဖြစ်ပြီး ကလေးစောင့်ရှောက်ရေးဂေဟာအား ပြန်လည်ဖွင့်လှစ်ခွင့်မရှိတော့ပါ။

လိုင်စင်ရရှိထားသော ကလေးစောင့်ရှောက်ရေး ဝန်ဆောင်မှုပေးသူက ဥပဒေနှင့် စည်းမျဉ်းများကို လိုက်နာမှုမရှိကြောင်း ပြသသည့်အခါ ပြည်နယ်ဥပဒေ (RCW 43.215) အရ DCYF သည် ၎င်း၏လိုင်စင်ကို ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။ လိုင်စင်ပြန်လည်ရုပ်သိမ်းခံရသည့် ကိစ္စရပ်များတွင် ကလေးစောင့်ရှောက်ရေး လိုင်စင်စည်းမျဉ်းများကို ထပ်ခါတလဲလဲ ချိုးဖောက်မှုများအပြင် အခြားသောချိုးဖောက်မှုများလည်း ပါဝင်ပါသည်။ အခြားမည်သည့်အရေးယူဆောင်ရွက်ချက်ကမျှ စိုးရိမ်ပူပန်မှုများကို မဖြေရှင်းနိုင်တော့သည့်အခါ လိုင်စင်ပြန်လည်ရုပ်သိမ်းခြင်းကို ဆောင်ရွက်ပါသည်။

## မေး လိုင်စင်ပြန်လည်ရုပ်သိမ်းခံရပါက မည်သည့်အရာများ ဖြစ်လာမည်နည်း။

**ဖြေ** လိုင်စင်ရရှိထားသူသည် ၎င်း၏လိုင်စင်ပြန်လည်ရုပ်သိမ်းခံရချိန်တွင် အသိပေးစာကို လက်ခံရရှိပါမည်။ ထိုအသိပေးစာတွင် DCYF ၏ ဆုံးဖြတ်ချက်ချရသည့်အကြောင်းရင်းနှင့် လိုင်စင်ရရှိသူ၏ တရားမျှတစွာ စီရင်ဆုံးဖြတ်မှု ရပိုင်ခွင့်ဆိုင်ရာ ရှင်းလင်းချက်တို့ ပါဝင်ပါသည်။

အသိပေးစာကို တုံ့ပြန်ရန်အတွက် လိုင်စင်ရရှိသူအနေဖြင့် အောက်ပါနည်းလမ်းနှစ်မျိုးမှ တစ်မျိုးကို ဆောင်ရွက်နိုင်ပါသည်-

a. အသိပေးစာရရှိပြီး 28 ရက်အတွင်း Office of Administrative Hearings (ပြည်နယ်အုပ်ချုပ်ရေးကြားနာစစ်ဆေးမှုရုံး၊ OAH) နှင့် ဒေသတွင်း DCYF ကလေးစောင့်ရှောက်ရေးလိုင်စင်ရုံးသို့ တောင်းဆိုမှု ပေးပို့ခြင်းဖြင့် အရေးယူဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အယူခံဝင်နိုင်သည် သို့မဟုတ်
b. အသိပေးစာရရှိပြီး 28 ရက်အတွင်း DCYF ၏ ဆုံးဖြတ်ချက်ကို လက်ခံပြီး ဂေဟာကို ပိတ်သိမ်းရမည်။



Washington State Department of
CHILDREN, YOUTH & FAMILIES

## မေး အရပ်ဘက်ပြစ်ဒဏ်ငွေဆိုသည်မှာ အဘယ်နည်း။

**ဖြေ** အရပ်ဘက်ပြစ်ဒဏ်ငွေ သို့မဟုတ် ဒဏ်ကြေးငွေ ဆိုသည်မှာ အေဂျင်စီမှ ချမှတ်သော စည်းကမ်းထိန်းသိမ်း အရေးယူဆောင်ရွက်မှုဖြစ်သည်။ ဂေဟာ၏ လိုင်စင် ထုတ်ပေးမှုဆိုင်ရာ လေးစားလိုက်နာရေး သဘောတူညီချက် (FLCA) သို့မဟုတ် ယာယီကန့်သတ်လိုင်စင်အစား ဤအရပ်ဘက်ပြစ်ဒဏ်ငွေကို ချမှတ်နိုင်ပါသည်။ ဥပမာ၊ အစောပိုင်းသင်ယူလေ့လာရေး ဝန်ဆောင်မှုပေးသူက FLCA သို့မဟုတ် ယာယီကန့်သတ်လိုင်စင်ကို ငြင်းဆန်လျှင် အရပ်ဘက်ပြစ်ဒဏ်ငွေ ချမှတ်နိုင်သည်။ ကလေးစောင့်ရှောက်ရေးလိုင်စင်စည်းမျဉ်းများကို ထပ်ခါတလဲလဲ ချိုးဖောက်မှုများအပြင် အခြားအကြောင်းအရာများကြောင့် အရပ်ဘက်ပြစ်ဒဏ်ငွေ ချမှတ်ခံရနိုင်သည်။ အခြားမည်သည့်အရေးယူဆောင်ရွက်ချက်ကမျှ စိုးရိမ်ပူပန်မှုများကို မဖြေရှင်းနိုင်တော့သည့်အခါ အရပ်ဘက်ပြစ်ဒဏ်ငွေကို ချမှတ်ပါသည်။

## မေး အရပ်ဘက်ပြစ်ဒဏ်ငွေချမှတ်ခံရသည့်အခါ မည်သည့်အရာများ ဖြစ်လာမည်နည်း။

**ဖြေ** လိုင်စင်ရရှိထားသူသည် အရပ်ဘက်ပြစ်ဒဏ်ငွေချမှတ်ခံရချိန်တွင် အသိပေးစာကို လက်ခံရရှိပါမည်။ ထိုအသိပေးစာတွင် အရပ်ဘက်ပြစ်ဒဏ်ငွေပမာဏ၊ အရပ်ဘက်ပြစ်ဒဏ်ငွေ ပေးချေရမည့်အချိန်၊ DCYF ၏ ဆုံးဖြတ်ချက်ချရသည့် အကြောင်းရင်းနှင့် လိုင်စင်ရရှိသူ၏ တရားမျှတစွာ စီရင်ဆုံးဖြတ်မှု ရပိုင်ခွင့်ဆိုင်ရာ ရှင်းလင်းချက်တို့ ပါဝင်ပါမည်။

အရပ်ဘက်ပြစ်ဒဏ်ငွေ အရေးယူဆောင်ရွက်ချက်ကို တုံ့ပြန်ရန်အတွက် လိုင်စင်ရရှိသူအနေဖြင့် အောက်ပါနည်းလမ်း နှစ်မျိုးမှ တစ်မျိုးကို ဆောင်ရွက်နိုင်ပါသည်-

a. အသိပေးစာရရှိပြီး 28 ရက်အတွင်း OAH သို့ တောင်းဆိုမှုပို့ခြင်းဖြင့် အယူခံဝင်နိုင်သည် သို့မဟုတ်

b. DCYF ၏ ဆုံးဖြတ်ချက်ကို လက်ခံပြီး ဒဏ်ငွေပေးချေရမည်။ ဒဏ်ငွေပေးချေနည်းဆိုင်ရာ အသေးစိတ်အချက်အလက်များအတွက် သင်၏ အရပ်ဘက်ပြစ်ဒဏ်ငွေဆိုင်ရာ အသိပေးစာကို ကိုးကားကြည့်ရှုပါ။

# ဖြစ်နိုင်ခြေရလဒ်များနှင့် တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**အတည်ပြုလိုက်ခြင်း-** အောက်တရားရုံး၏ ဆုံးဖြတ်ချက်ကို အတည်ပြု၊ အားပေး သို့မဟုတ် ထောက်ခံသည့် တရားရုံး၏ဆုံးဖြတ်ချက်။

**အမှုပလပ်လိုက်ခြင်း-** တရားရုံးတွင် တရားခံအား စွဲချက်တင်ထားသော အမှုကို ရပ်ဆိုင်းရန် တရားရုံး၏ဆုံးဖြတ်ချက်။ အမှုပလပ်လိုက်သည့် အကြောင်းရင်းများစွာရှိနိုင်ပြီး ယင်းတို့တွင် သက်ဆိုင်သူများ၏ အပြန်အလှန်တောင်းဆိုမှု၊ သဘောတူညီချက်ဖြင့်ဖြေရှင်းမှု၊ အယူခံဝင်မှုကို ကြားနာစစ်ဆေးရာတွင် အယူခံဝင်သူ၏ ပါဝင်မှုမရှိခြင်း သို့မဟုတ် အယူခံဝင်သူသည် အယူခံဝင်ခြင်းဖြင့် ၎င်းတို့တောင်းဆိုထားသောရလဒ်ကို ရရှိရန် ဥပဒေအရ မဖြစ်နိုင်ကြောင်း တွေ့ရှိချက်တို့ ပါဝင်နိုင်သည်။ OAH တွင် မည်သည့်အကြောင်းကြောင့်မဆို အမှုပလပ်လိုက်ပါက အယူခံဝင်သူအနေဖြင့် အယူခံကို ပြန်လည်စတင်ရန် ရက် 20 အချိန်ရှိသည်။

**တရားမျှတစွာ စီရင်ဆုံးဖြတ်မှု-** အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ 14 ကြိမ်မြောက် ပြင်ဆင်ချက်တွင် ထည့်သွင်းဖော်ပြထားသည်အရ ပြည်နယ်သည် လူများအား အခြေခံအားဖြင့် တရားမျှတစွာ ဆက်ဆံမည်ဖြစ်ကာ လိုင်စင်နှင့်စပ်လျဉ်း၍ ဆန့်ကျင်တုံ့ပြန်သည့် အရေးယူဆောင်ရွက်ချက် သို့မဟုတ် ကလေးညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှုဆိုင်ရာ အထောက်အထားခိုင်လုံသော တွေ့ရှိချက်ကို လူတစ်ဦးတစ်ယောက်၏ အယူခံဝင်ပိုင်ခွင့်အား ကာကွယ်ပေးမည်ဟု အာမခံထားသည်။

**ရုပ်သိမ်းခြင်း-** ဥပဒေအရ အရေးယူဆောင်ရွက်ချက်၏ အကျိုးသက်ရောက်မှုကို ဖယ်ရှားခြင်းဖြစ်ပြီး ထိုအရေးယူဆောင်ရွက်ချက်၏ တရားဝင်ပြဋ္ဌာန်းသတ်မှတ်ချက်ကို မဖယ်ရှားပါ။ တစ်နည်းအားဖြင့် အရေးယူဆောင်ရွက်ချက်သည် အေဂျင်စီ၏ ဥပဒေအရ အရေးယူဆောင်ရွက်ချက်အဖြစ် ဆက်လက်တည်ရှိသော်လည်း ၎င်းကို ရုပ်သိမ်းပြီးနောက်တွင် ဝန်ဆောင်မှုပေးသူသည် ထိုအရေးယူဆောင်ရွက်ချက်ကို လျစ်လျူရှုနိုင်သည်၊ သို့သော် ၎င်းသည် ဝန်ဆောင်မှုပေးသူ၏မှတ်တမ်းတွင် ဆက်လက်ရှိနေပါမည်။ အေဂျင်စီသည် ကလေးများအတွက် ချက်ချင်းလက်ငင်းဖြစ်အံ့ဆဲဆဲ အန္တရာယ်ရှိသည်ဟု မယူဆသော်လည်း လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းကို အပြီးတိုင် ဖျက်သိမ်းသင့်သည်ဟု မဆုံးဖြတ်ရသေးသည့်အခါတွင် လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်း ကိစ္စရပ်များအတွက် ရုပ်သိမ်းခြင်းကို အသုံးပြုသည်။

**အပျက်သဘောဆောင်သော အရေးယူဆောင်ရွက်ချက်-** တရားရုံးအမိန့်၊ တရားရုံးဆုံးဖြတ်ချက် သို့မဟုတ် ပြည်နယ်၊ ဖက်ဒရယ်၊ မျိုးနွယ်စု သို့မဟုတ် နိုင်ငံခြား တရားစီရင်ပိုင်ခွင့်အတွင်းရှိ အေဂျင်စီတစ်ခုက လုပ်ဆောင်သော ဆန့်ကျင်တုံ့ပြန်သည့် အရေးယူဆောင်ရွက်ချက်။ ဤအရေးယူဆောင်ရွက်ချက်သည် လျှောက်ထားသူက ကလေးစောင့်ရှောက်ရေးတွင် ကလေးများအား စောင့်ရှောက်ရန် သို့မဟုတ် ကြီးကြပ်မှုမရှိဘဲ ထိတွေ့ဆက်ဆံနိုင်ရန် ၎င်း၏ ပင်ကိုစရိုက်လက္ခဏာ၊ သင့်လျော်မှု၊ စွမ်းရည်နှင့်စပ်လျဉ်း၍ ကျိုးကြောင်းသင့် တွေ့ရှိချက်ပေါ်မူတည်၍ ဖြစ်ပေါ်လာပေသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်နိုင်သော်လည်း ယင်းတို့ဖြင့်သာ ကန့်သတ်မထားပါ-

a. ALJ က ထုတ်ပြန်သော ဆုံးဖြတ်ချက်။

b. စုံစမ်းစစ်ဆေးမှုအပြီးတွင် အေဂျင်စီက ပြုလုပ်သော နောက်ဆုံးစိစစ်သတ်မှတ်ချက်၊ ဆုံးဖြတ်ချက် သို့မဟုတ် တွေ့ရှိချက်။

c. လိုင်စင် သို့မဟုတ် အသိအမှတ်ပြုချက်ကို ရပ်စဲခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့အပါအဝင် အေဂျင်စီ၏ ဆန့်ကျင်တုံ့ပြန်သည့် အရေးယူဆောင်ရွက်ချက် သို့မဟုတ် အေဂျင်စီ၏ ဆန့်ကျင်တုံ့ပြန်သည့် အရေးယူဆောင်ရွက်ချက်မတိုင်မီတွင် ၎င်းအစား လိုင်စင်၊ အသိအမှတ်ပြုချက် သို့မဟုတ် သဘောတူစာချုပ်ကို ဆန္ဒအလျောက် စွန့်လွှတ်ခြင်း။

d. ပရော်ဖက်ရှင်နယ်လိုင်စင်တစ်ခုခုကို ပြန်လည်ရုပ်သိမ်းခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ၎င်းအပေါ် ကန့်သတ်ချက်များ ထားရှိခြင်း သို့မဟုတ်

e. စည်းကမ်းထိန်းသိမ်းရေး ဘုတ်အဖွဲ့၏ နောက်ဆုံးအတည်ပြု ဆုံးဖြတ်ချက်။

**အယူခံဝင်ခြင်းမရှိပါ-** အယူခံဝင်ခြင်းမရှိပါက အေဂျင်စီ၏ အရေးယူဆောင်ရွက်ချက်သည် အာဏာတည်နေဆဲဖြစ်သည်။ အသိပေးစာရရှိပြီးနောက် 28 ရက်အတွင်း ပြည်နယ် OAH တွင် ကြားနာမှုတောင်းဆိုခြင်းမပြုပါက အရေးယူဆောင်ရွက်ချက်ကို အကောင်အထည်ဖော်မည်ဟု လိုင်စင်ကိစ္စရပ်များဆိုင်ရာ တရားဝင် အသိပေးစာများ၌ ဝန်ဆောင်မှုပေးသူများအား အသိပေးထားသည်။ တစ်ခုတည်းသောခြွင်းချက်မှာ လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းဖြစ်ပြီး ၎င်းသည် ချက်ချင်းသက်ရောက်အကျုံးဝင်သည်။ ဝန်ဆောင်မှုပေးသူသည် လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခံရပြီး 28 ရက်အတွင်း ကြားနာမှုတောင်းဆိုခြင်းမပြုပါက အရေးယူဆောင်ရွက်ချက်သည် အတည်ဖြစ်ပြီး အမှုကိုပိတ်သိမ်းပါမည်။

**ပယ်ဖျက်ခြင်း-** အရေးယူဆောင်ရွက်ချက်ကို ပယ်ဖျက်လိုက်ခြင်း။ ဥပဒေအရ အရေးယူဆောင်ရွက်ချက်ကို ပယ်ဖျက်သောအခါ ၎င်းသည် ဝန်ဆောင်မှုပေးသူ၏ မှတ်တမ်းတွင် မရှိတော့ဟု ဆိုလိုသည်။ လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းကို ဆက်လက်လုပ်ဆောင်ရန် မလိုတော့ကြောင်း ဆုံးဖြတ်ရန် အေဂျင်စီတွင် လိုအပ်သော အချက်အလက်အားလုံးရှိသည့်အချိန်တွင် လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းကို ရုပ်သိမ်းပြီးနောက် လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းအား ပယ်ဖျက်ပေးပါသည်။

**ကျေလည်အောင် ဖြေရှင်းခြင်း-** အငြင်းပွားမှုတစ်ခုကို အဆုံးသတ်ရန် သဘောတူညီချက်ရရှိပြီး ဆက်စပ်နေသော တရားစွဲဆိုမှုများကို ဆန္ဒအလျောက် ပယ်ချလိုက်ခြင်း။

**ခေတ္တရပ်ထားခြင်း-** "ခေတ္တရပ်ထားခြင်း" ဆိုသည်မှာ တရားရုံးက တစ်စုံတစ်ဦး၏ လုပ်ဆောင်ချက်များအပေါ် ဥပဒေအရ တရားစွဲဆိုမှု၏ အကျိုးသက်ရောက်မှုကို ရပ်တန့်ရန် ဆောင်ရွက်သော လုပ်ဆောင်ချက်ဖြစ်သည်။ လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်း ကိစ္စရပ်အတွက် ၎င်းကို အသုံးပြုသည်။ လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းနှင့်စပ်လျဉ်း၍ အယူခံဝင်နေစဉ်တွင် ဂေဟာဆက်ဖွင့်ထားလိုသော ဝန်ဆောင်မှုပေးသူသည် လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းအား ခေတ္တရပ်ပေးရန် ပြည်နယ် OAH သို့ တောင်းဆိုနိုင်သည်။ ခေတ္တရပ်ပေးရန် ခွင့်ပြုလိုက်ပါက လုပ်ကိုင်ခွင့်ယာယီဆိုင်းငံ့ခြင်းကို မှန်ကန်စွာ ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရန် ကြားနာစစ်ဆေးနေစဉ် ဝန်ဆောင်မှုပေးသူသည် ဂေဟာဆက်လက်ဖွင့်လှစ်လုပ်ကိုင်နိုင်ပါမည်။

**မူလဆုံးဖြတ်ချက်အတိုင်း အတည်ပြုလက်ခံခြင်း-** ဥပဒေကြောင်းအရ ဆုံးဖြတ်ချက်ကို မှန်ကန်သည်ဟု စီရင်ဆုံးဖြတ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်ချက်ကို မပြောင်းလဲရန် ဆုံးဖြတ်ခြင်း။

DCYF ကြားနာမှုအတွက် ပြင်ဆင်နည်းအကြောင်း သိလိုပါက ဤနေရာတွင် ဝင်ရောက်ကြည့်ရှုပါ-
**https://oah.wa.gov/case-preparation/hearings/department-children-youth-families**

ကလေးစောင့်ရှောက်ရေးလိုင်စင်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများအကြောင်း အချက်အလက်များကို သိလိုပါက ဤနေရာတွင် ဝင်ရောက်ကြည့်ရှုပါ-
**www.dcyf.wa.gov/practice/policy-laws-rules**

## မေးမြန်းလိုသည်များရှိပါသလား။

လိုင်စင်ထုတ်ပေးသူ သို့မဟုတ် သင့်ဒေသတွင်းရှိ အစောပိုင်းသင်ယူလေ့လာရေးနှင့် ကလေးစောင့်ရှောက်ရေးရုံးကို ဤနေရာမှတစ်ဆင့် ဆက်သွယ်ပါ၊
**www.dcyf.wa.gov/find-an-office/el-offices**